# စံကင်းကျေးရွာ

## စံကင်းကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်

## ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း(၂၀၁၈-၂၀၂၂)

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စံကင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန်လ၊ ၂၀၁၉

မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၅

(က) သီးနှံစိုက်ပျိုးရေး ၅

(ခ) မွေးမြူရေးလုပ်ငန်း ၆

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၇

(ခ ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၇

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၈

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၉

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၁

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၀

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၆၇


စံကောင်းကျေးရွာမြေပုံ
မြောက်
တောင်


Jan
Feb
Mar
Apr
May
Jun
July
Aug
Sept
Oct
Nov
Dec


UNDP

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

စံကင်းကျေးရွာသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် စံကင်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ တာလောကြီးကျေးရွာ၏တောင်ဘက်တွင်တည်ရှိပြီး ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိပါသည်။ ကျေးရွာတွင် တိုင်းရင်းသားများစုပေါင်းနေထိုင်ကြသော်လည်း အများစုမှာ ရှမ်းလူမျိုးများဖြစ်သည်။ကျေးရွာဘေးပတ်လည်တွင် တရုတ်မှစိုက်ပျိုးသော ငှက်ပျောခင်းများရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၀၁.၆၈)ဧကေ၊ယာမြေ/တောင်ယာမြေ (၄၂၉.၄၃)ဧက ၊မြေလွတ်လပ် (၃၅) ဧက ၊စုစုပေါင်း (၇၆၆.၁၁)ဧကရှိသည်။ ဧက (၁၅၀)ခန့်မှာ တရုတ်ငှက်ပျောစိုက်ခင်းများသို့ ငှားရမ်းထားသည်။ လယ်မြေများမှာမြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်ပြီး ယာမြေများမှာ မြေဆီလွှာအရည်အသွေးညံ့သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် အဖွဲ့ပေါင်း (၉) ဖွဲ့ရှိပြီး လူမှုရေး သီးသန့် အခြေခံသောအဖွဲ့ ၁ ဖွဲ့၊ လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၂ ဖွဲ့၊ လူမှုရေးနှင့် ကျန်းမာရေး ကို အခြေခံသော အဖွဲ့ ၂ ဖွဲ့ ၊လုံခြုံရေးနှင့် ကာကွယ်ရေးကိုအခြေခံသော အဖွဲ့ ၂ဖွဲ့ ၊ပညာရေးကိုအခြေခံသော အဖွဲ့ ၂ ဖွဲ့ရှိသည်။

အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်း ဆောင်ရွက်မှု အားကောင်းကာ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ယခင်က UNDP အဖွဲ့ဖြင့် ချိတ်ဆက်မှု ရှိသည်။ ယခုလက်ရှိတွင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

စံကင်းကျေးရွာတွင် လယ်ယာ ၂၀ဧကအထက် တောင်သူကြီး (၄) အိမ်ထောင်စု၊ ၂၀ဧက နှင့် ၁၀ဧကကြား တောင်သူလတ် (၁၉) အိမ်ထောင်စု ၊ ၁၀ဧကအောက် နှင့် မြေယာမဲ့ (၉၃) အိမ်ထောင်စုရှိပြီး အဓိကအားဖြင့် စပါး၊ပြောင်းနှင့်နှမ်းတို့ကို စိုက်ပျိုးကြသည်။ မြေယာမဲ့အိမ်ထောင်စုသည် စုစုပေါင်းအိမ်ခြေ၏တစ်ဝက်ခန့်ဖြစ်ပြီးအများစုမှာ တောင်သူကြီး ၊ တောင်သူလတ်နှင့် ငှက်ပျောခင်းများတွင် ကျပန်းသွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြသည်။စပါးအထွက်နှုန်းမှာတစ်ဧက ၂၅ တင်းမှ ၄၅တင်းအထိထွက်ရှိသည်။ ပြောင်းအထွက်နှုန်းမှာ မိုးပြောင်းထက်

ဆောင်းပြောင်းကပို၍ အထွက်များသည်။ တစ်ဧက ၁၅ တင်းမှ ၇ဝ တင်းအထိထွက်သည်။ နှမ်းထွက်နှုန်းမှာ ၃တင်းမှ ၈တင်းထိထွက်သည်။ တစ်ဦးချင်းပိုင်ထွန်စက် ၁စီး၊ လက်တွန်းထွန်စက် ၁၉စီး၊ ရိတ်သိမ်းစက် ၃ စီး နှင့်ခြွေလှေ့စက် ၂စီးရှိသည်။ တချို့အိမ်ထောင်စုများသည် နွားများဖြင့် ထွန်ယက်စိုက်ပျိုးကြသည်။

ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများကို ၃ မိုင်ခန့်ဝေးသောတာလောကြီးတိုက်နယ်တွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ပြီး သဘာဝမြေဩဇာကို လက်လှမ်းမမှီကြပါ။ ဗဟုသုတနည်းပါးသည်။ လယ်ယာထွက်ကုန်သီးနှံဈေးကွက်နှင့် ကုန်သွယ်မှုမှာ သီးနှံများကို ရောင်းချ နိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ ဖျက်ပိုး အသင့်အတင့်ကျရောက်သည်။ ထို့ကြောင့်ဘက်စုံစိုက်ပျိုးရေးသင်တန်းတက်ရောက်လိုကြသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားကို ၄၁ အိမ်မှ ၁၁၂ ကောင်၊ နို့စားနွား ကို ၃ကောင်မှ ၂၈အိမ်၊ ကျွဲကို ၁၂ အိမ်မှ ၅၁ ကောင်၊ ဝက်ကို ၁၂ အိမ်မှ ၁၉ကောင်နှင့် ကြက်ကို ၅၁ အိမ်မှ ၆၅၃ ကောင်၊ ဘဲကို ၁အိမ်မှ ၁ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိပြီး စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။

ကျေးရွာတွင် တိမွေးကုသင်တန်းဆင်းတစ်ဦးရှိသော်လည်း ကျွမ်းကျင်မှုမရှိပါ။ အိမ်ခြံဝင်း အတွင်းတွင်လည်း မြေနေရာအလုံအလောက်မရှိပါ။ ထို့ကြောင့် တိရိစ္ဆာန်မွေးမြူရေးသင်တန်း များနှင့် စားကျက်မြေချဲ့ထွင်လိုကြသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းများမှာ ဆောက်လုပ်ရေး၊ပန်းရံလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့် ဝန်ဆောင်မှုများမရရှိသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ကျွမ်းကျင်စွာတတ်မြောက်မှုလည်းအားနည်းကြသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်လိုကြသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ချေးငွေတွေအနေဖြင့် ပုံစံ(၇) ရှိသူများသည် စိုက်ဘဏ်မှ အတိုးနှုန်း ၇၅ ပြားဖြင့် ချေးငွေရကြသည်။ ကာလတိုချေးငွေဖြစ်သော သမဝါယမချေးငွေကိုလည်း အတိုးနှုန်း ၂ ကျပ်ဖြင့် ချေးယူနိုင်သည်။ ငွေချေးပေးသူများနှင့် မိတ်ဆွေ ဆွေမျိုးများထံမှလည်း ချေးယူနိုင်သည်။ UNDP မှ ထူထောင်ပေးသော စပါးဘဏ်နှင့် ဆောင်သီးနှံချေးငွေများလည်းရှိသည်။ စပါးဘဏ်မှာ စပါးစိုက်ချိန်တွင် စပါးစိုက်ထုတ်ပေးသည်။ ဆောင်းသီးနှံချေးငွေမှာ အများဆုံး ၅၀၀၀၀၀ ကျပ်ထိချေးပေးသည်။ အတိုးနှုန်းမှာ ၂ကျပ်ဖြစ်သည်။ စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော

အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များချေးငွေ ရရှိရန် အခွင့်အလမ်းနည်းကြသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန်လိုလားကြသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၃၂စင်း၊ စက်လှေ ၂၂ စင်း၊ စက်ဘီး ၅ စင်း၊ မော်တော်ဆိုင်ကယ် ၇၉ စီး၊ သုံးဘီးဆိုင်ကယ် ၅ စင်း၊ ထော်လာဂျီ ၃ စီး၊ ကား ၁စီးနှင့် နွားလှည်း ၃၃စီးရှိသည်။သယ်ယူပို့ဆောင်ရေးယာဉ်မျိုးစုံရှိပြီး ဆိုင်ကယ်ကိုအများဆုံးအသုံးပြုနေကြသည်။

ရွာတွင်းလမ်းများမှာ ကျောက်ခင်းလမ်းများဖြစ်ပြီး ကောင်းမွန်ကာ နွေရာသီတွင် ဖုံထူသဖြင့် အဆင့်မြှင့်တင်လိုကြသည်။ ရွာတွင်းတံတားများမရှိပါ။

ရွာချင်းဆက် လမ်းမှာလည်း ကျောက်ခင်းလမ်းဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ကာ မိုးတွင်းချိန်တွင်ရေကျော်မှုဖြစ်ပေါ်သဖြင့်တံတားဆောက်လုပ်ချင်ကြသည်။ ယခင်ကရေကြောင်း အသုံးပြုမှုရှိကာ ယခုအချိန်တွင် ငါးဖမ်းယုံလောက်သာအသုံးပြုကြသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရသေးသောကြောင့် ဆိုလာမီးကိုသာ အသုံးပြုနေကြရပြီး ဆိုလာအသုံးပြုသူ (၁၀၀) အိမ်ရှိပြီး ဒီဇယ်အင်ဂျင် သုံးစွဲသူ (၁၆) အိမ်ရှိသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သောအိမ် (၁၂) အိမ်ရှိသည်။ ၎င်းအချို့အိမ်များမှာ ဆိုလာနှင့်အင်ဂျင် ၂ မျိုးလုံး အသုံးပြုကြသည်ကို တွေ့ရသည်။ လျှပ်စစ် မီးရရှိလိုကြသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် ၇၅ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော လိုင်းသာရှိပြီး တာဝါတိုင်မှာ တာလောကြီးကျေးရွာ တွင်သာ ရှိသောကြောင့် ဖုန်းလိုင်းမကောင်းပါ။

ရေဒီယို ၁၉ လုံးအသုံးပြုနေကြသည်ကို တွေ့ရှိရပါသည်။ တီဗီ ၁၀ လုံးနှင့် ဂြိုလ်တု စလောင်း (၃) လုံးသာရှိသည်။

## ၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းခွဲသာရှိသောကြောင့် အထက်တန်းကို တာလောကြီး တိုက်နယ်တွင် ဆက်လက်ပညာသင်ယူကြရသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား ကျောင်းသူအနည်းငယ်ရှိသည်။ ကျောင်းဆောင်လုံလောက်မှုရှိသော်လည်း တစ်ဆောင်မှာ အမိုး/ အကာမကောင်း ဖြစ်နေသည်။ထို့ပြင်ကျောင်းခြံစည်းများလည်းပျက်စီးနေသည်။ သင်ထောက် ကူပစ္စည်းများ လုံလောက်မှုလည်းမရှိပါ။

ကျေးရွာတွင် စာမတတ်သူများမှာ သက်ကြီးရွယ်အိုများသာဖြစ်ကြပါသည်။မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၂) ရာခိုင်နှုန်းအထိ များပြားဖြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၃၁) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူမှာ (၁၀) ရာခိုင်နှုန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၃)ရာခိုင်နှုန်းတို့ရှိကြသည်။

**၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ကာကွယ်ဆေးများကို နှစ်စဉ်ပုံမှန်ထိုးပေးလေ့ရှိသည်။ ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဝန်ထမ်းများမရှိသောကြောင့် ကျန်းမာရေးဝန်ထမ်းများလိုအပ်ကြောင်းတင်ပြကြသည်။ အရေးအပေါ်အခြေအနေများတွင် တာလောကြီး တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကြသည်။ ဆေးရုံသွားရန် အခက်အခဲရှိပါက သုံးဘီးကား(သို့) တာလောကြီးကျေးရွာရှိ နာရေးကူညီမှုအသင်းမှကားဖြင့် သွားကြရသည်။

ကျေးရွာတွင် သောက်ရေတွင်း (၁၁) တွင်းသာရှိပြီး တစ်ရွာလုံး နွေ၊မိုး၊ ဆောင်းအသုံးပြုကြရသည်။ ရေအရည်အသွေးစစ်ဆေးထားမှုရှိပြီး ကောင်းမွန်သည်။ နွေရာသီအချိန်တွင် အနည်းငယ်ရေခမ်းမှုများဖြစ်ပေါ်တတ်သည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်သည်။

ကျေးရွာပတ်ဝန်းကျင်တွင် ငှက်ပျောပင်များလာရောက်စိုက်ပျိုးသောကြောင့် သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များမရှိတော့ပါ။ သစ်တောပြုန်းတီးမှုများလည်းရှိသည်။ သွေးတိုးရောဂါအဖြစ်များပြီး လိင်မှတဆင့်ကူးစက်သောလူနာများလည်းရှိသည်။

**၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်နှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုခေါင်းဆောင်မှု၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြသည်။ အဖွဲ့အစည်းများမှ ကျေးရွာတွင်အမျိုးသမီးအကြမ်းဖက်မှု ကာကွယ်ရေးဥပဒေအကြောင်း ဟောပြောပွဲများလာရောက်ပြုလုပ်သောကြောင့် အမျိုးသမီးများ ဥပဒေအသိအမြင် အနည်းငယ်ရှိသော်လည်း အားနည်းနေသေးသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံကိန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ကျောင်းခြံစည်းရိုးကာရံခြင်း<br>၂။ သင်ထောက်ကူပစ္စည်းများထောက်ပံ့ခြင်း | ၅ |
| ၂ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ကျန်းမာရေးဆရာ/ဆရာမများလိုအပ်ခြင်း<br>၂။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း | ၇ |
| ၃ | လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း<br>၂။ ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း<br>၃။ ကျေးရွာဈေးတည်ဆောက်ခြင်း<br>၄။ ကွန်ကရစ်ရေကာတာပြုလုပ်ခြင်း<br>၅။ ရွာချင်းဆက်တံတားဆောက်လုပ်ခြင်း<br>၆။ ကုန်ထုတ်လမ်း/တံတားများဖောက်လုပ်ခြင်း | ၁ |
| ၄ | စိုက်ပျိုးနှင့် မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မျိုးကောင်း/မျိုးသန့်များထောက်ပံ့ပေးခြင်း (စပါး/ပြောင်း/ပဲ/ နှမ်း)<br>၂။ တိ/မွေးကုသင်တန်းများ<br>၃။ စားကျက်မြေချဲ့ထွင်ခြင်း<br>၄။ ဘက်စုံစိုက်ပျိုးရေးသင်တန်းများ<br>၅။ အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေများချမှတ်ပေးရန် | ၄ |

| | | | |
|---|---|---|---|
| ၅ | စိုက်/မွေးမဟုတ်သောအသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရန် | ၃ |
| ၆ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ကွန်ပျူတာသင်တန်း<br>၂။ တိုင်းလိုင်(ရှမ်းနီ) စာပေယဉ်ကျေးမှု ထူထောင်ခြင်း<br>၃။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲ | ၂ |
| ၇ | သဘာဝဘေးလျှော့ချမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ ဖြိုးမှု စီမံကိန်း | ၁။ အမှိုက်ပုံးနှင့် အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း | ၈ |
| ၈ | အမျိုးသမီးများစွမ်းဆောင် ရည်ဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အမျိုးသမီးကာကွယ်စောင့်ရှောက်မှုသင်တန်း<br>၂။ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း | ၆ |
| ၉ | မီးလင်းရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ကျေးရွာလျှပ်စစ်မီးရရှိရေး | ၃ |

**နောက်ဆက်တွဲ(၁)**

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)/** (စံကင်းကျေးရွာ)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၅ | ၈ | ၁.၄၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၁၇ | ၃၆ | ၆.၅၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၂၉ | ၆၈ | ၁၂.၄၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၄၅ | ၇၉ | ၁၄.၄၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၇၇ | ၁၇၀ | ၃၄၇ | ၆၃.၄၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂ | ၇ | ၉ | ၁.၆၅ |
| စုစုပေါင်း | | ၂၇၄ | ၂၇၃ | ၅၄၇ | |
| စုစုပေါင်း အိမ်ထောင်စု (၁၁၆) | | တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ =၄.၇၂ | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** **စံကင်း**ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၁၆ ရှိပြီး လူဦးရေပေါင်း ၅၄၇ (ကျား ၂၇၄ + မ ၂၇၃) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၇၂ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် လျော့နည်းနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၈ ဦး ၁.၄၆% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်းအလွန်ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး ၃၆ ဦး (၆.၅၈%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှုအခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၆၈ ဦး (ကျား ၃၉+ မ၂၉) နှင့် အလယ်တန်း ကျောင်းသားအရွယ် ၇၉ ဦး (ကျား၃၄ +မ၄၅) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သောအရွယ် ၃၄၇ (ကျား ၁၇၇+ မ ၁၇၀)၊ (၆၃.၄၄%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်း လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေး အတွက် များစွာ အထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၉ ဦး (ကျား ၂ + မ ၇) ဦး (၁.၆၅%) သာရှိသောကြောင့် သက်ကြီးရွယ်ကြီးအရေအတွက် အလွန်နည်းပြီး ကျေးရွာတွင် ကျန်းမာရေးအခြေအနေ (သို့မဟုတ်) လုံခြုံရေးအခြေအနေညံ့သည်ကို တွေ့ရသည်။

(ခ)　　အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၅ | ၁၆၉ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၇ | ၁၀၀ | ၁၅ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / | ၂၀ | ၅၁ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၁၅ | ၃၄၇ | ၁၇ | ☒ |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** စံကင်းကျေးရွာတွင် အိမ်ခြေ ၁၁၆ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက ကိုယ်ပိုင်လုပ်ကိုင်သူ (၉၂) အိမ် ၊မွေးမြူရေးအဓိကလုပ်ကိုင်သူ ၁ အိမ်၊ ဆောက်လုပ်ရေး လက်သမား အဓိကလုပ်ကိုင်သူ၁ အိမ်၊ ဈေးရောင်းသူ ၁ အိမ်နှင့် အိမ်များတွင် အလုပ်သမားအနေဖြင့် အငှါးလုပ်ကိုင်သူ ၂၀ အိမ်၊ စုစုပေါင်း (၁၁၅) အိမ်နှင့် အလုပ်လုပ်သူစုစုပေါင်း (၃၂၄)ဦး ဖြစ်သည်။ (၁) အိမ်မှာ အလုပ်လက်မဲ့ ဖြစ်ပြီး ရပ်ရွာမှကြည့်ရှုထားခြင်း ဖြစ်သည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (၅၈) အိမ်နှင့် အလုပ် သမားဝန်ထမ်းလုပ်ကိုင်သူ (၅၇) အိမ်ရှိသည်။ တွဲဖက်လုပ်ငန်းလုပ်ကိုင်သူ (၁၇) ဦးမှာ လယ်ယာလုပ်ငန်းခွင်များ တွင်သာ လုပ်ကိုင် ကြသည်။ ဇယား (၁) တွင် အလုပ် လုပ်နိုင်သော အရွယ် (၃၄၇) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၃၂၄) (ကပ ၁၇၃ + လုပ်သား ၁၅၁) ဦးရှိသောကြောင့် အလုပ်လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ် တက်ရောက်နေသူ စုစုပေါင်း (၁၉) ဦး မှလွဲ၍ ကျန်လူများအားလုံးနီးပါးအလုပ်လုပ်ကြရကြောင်းတွေ့ရှိရပြီး တစ်အိမ်ထောင် ပျမ်းမျှ (၂.၈) ယောက်အလုပ်လုပ်နေရကြောင်းသိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၁၁၆ အိမ်မှ ၁၇ ဦးသည်မိသားစုရပ်တည်ရေးအတွက် လုပ်ငန်းတစ်မျိုး ထက်ပို၍ လုပ်နေကြရသည်။

**(ခ–၂)  လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃)  လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | | ၇၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ် ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။**	။စံကင်းကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၂ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း နှင့် ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများဖြစ်သည်။ ၄င်း

လုပ်ငန်းများတွင်အမျိုးသားနှင့် အမျိုးသမီးများမှာလုပ်အားခ တန်းတူရရှိကြရပြီး ရာသီအလိုက်သာ အလုပ်ရနိုင်ကြသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၃၀၁.၆၈ | ကောင်း ☐ | သင့်☒ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၄၂၉.၄၃ | ကောင်း ☐ | သင့်☐ | ညံ့ ☒ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | ၃၅ | ကောင်း ☐ | သင့်☐ | ညံ့ ☒ |
| **စုစုပေါင်း** | **၇၆၆.၁၁** | ☒ | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** စံကင်းကျေးရွာတွင် လယ် ၃၀၁.၆၈ဧက၊ ယာမြေ/တောင်ယာမြေ ၄၂၉.၄၃ ဧက၊ မြေလွတ်မြေလပ် ၃၅ ဧက၊ စုစုပေါင်း (၇၆၆.၁၁) ဧကရှိသည်။ မြေဆီလွှာ အရည်အသွေး ညံ့သည်။ စိုက်ပျိုးမြေချဲ့ထွင်နိုင်ခြင်းမရှိကြပါ။ လယ်မြေများမှာ ပုံစံ(၇) ရရှိပြီး ယာမြေ/တောင်ယာမြေများမှာ ပုံစံ(၇) ရရှိရန်ဆောင်ရွက်လျက်ရှိသည်။

**(ဂ-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့်☐ နည်း☐ မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☒ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☒ | လွယ် ☐ ခက် ☐အသုံးမပြုနိုင်ပါ ☒ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☒ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။စံကင်းကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက်သယံဇာတများလည်းမရှိပါ။ဆောက်လုပ်ရေးအတွက်သဲနှင့် ကျောက်ကို အသင့်အတင့်ရရှိနိုင်သော်လည်း မိုးတွင်းကာလများတွင် ရေဖုံးလွှမ်းသဖြင့် ထုတ်ယူအသုံး ပြုနိုင်ခြင်းမရှိကြပါ။ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ ယခင်က အနည်း အကျဉ်းရှိသော်လည်း ယခုနှစ်များတွင် ရွာပတ်ဝန်းကျင်၌ တရုတ်မှလာရောက်စိုက်ပျိုးသောတစ်ရှူး ငှက်ပျောခင်းများကိုငှားရမ်းသောကြောင့် အပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိ တော့ပါ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| **မြေယာပိုင်ဆိုင်မှု** | ၂၀ဧကနှင့် အထက် | ၂၀ဧကနှင့် ၁၀ဧကကြား | ၁၀ဧကအောက် | မြေယာမဲ့ |
| **အိမ်အခြေအနေ** | ကာလာသွပ်၊ အုတ်တက်၊ ပျဥ်ခင်း | သွပ်မိုး၊ပျဉ်ကာ၊ ထရံကာ၊ပျဉ်ခင်း | ရိုးရိုးသွပ်မိုး၊ ထရံကာ | သက်ကယ်မိုး၊ မိုးကာမိုး၊ ထရံကာ |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော** | ထွန်စက်၊ လက်တွန်းထွန်စက်၊ | လက်တွန်းထွန်စက်၊ နွား၊ကျွဲ | နွား၊ကျွဲ | ပေါက်တူး၊တူးရွင်း၊တံဇဉ်ခါး |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| **ပိုင်ဆိုင်မှု** | ပြောင်းချွေစက်၊ ထော်လာဂျီနွား၊ ကျွဲ | | | |
| **အဓိကစီးပွားရေး လုပ်ငန်း** | တောင်သူကြီး/အ ရောင်းအဝယ် | တောင်သူလတ်/ ဈေးရောင်း | ဆင်းရဲသားတောင် သူ၊ကျပန်း | ကျပန်း |
| **အိမ်ထောင်စု (၁၁၆)** | ၄ | ၁၉ | ၄၇ | ၄၆ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** စံကင်းကျေးရွာတွင် အိမ်ခြေ ၁၁၆ အိမ်ရှိပြီး အဆင့် ၁ (၄) အိမ် (၃.၄၅%) ၊ အဆင့် ၂ (၁၉)အိမ် ( ၁၆.၃၈%)၊ အဆင့် ၃ (၄၇) အိမ် (၄၀.၅၂%)၊နှင့် အဆင့် ၄ (၄၆) အိမ် (၃၉.၇ %) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများ ပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေး ရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်သည် အဆင့်(၃) နှင့် အဆင့်(၄) အရေအတွက် ထက်အလွန်နည်းနေသည်ကို တွေ့ရှိရသည်။ အဆင့်(၃)နှင့် အဆင့်(၄) အိမ်ထောင်စုအလွန်များပြား သော်လည်း ပစ္စည်းပိုင်ဆိုင်မှုသာနည်းပါးကြပြီး ဝမ်းစာမဖူလုံသောအိမ်ထောင်စုများ သိပ်မရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ်များသို့ ကျပန်းသွားရောက်လုပ်ကိုင်ကြရသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင့် (၃) ၄၇ အိမ်နှင့် အဆင့် (၄) ၄၆ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၁၄ အိမ်နှင့် အဆင့် (၄) မှ ၁၃ အိမ်ကို စစ်တမ်း ကောက်ယူရမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ အိမ်ခြေ (၂၀)လောက်သာ လုပ်အားခကြိုယူခြင်း၊ ချေးယူခြင်းနှင့် ပစ္စည်းကြိုယူခြင်းတို့ဖြင့် ဖြေရှင်းကြသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ စံကင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့် အထက် ၊ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊ မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများလည်းမရှိပါ။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။စံကင်းကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ဧရာဝတီမြစ်နှင့် နီးပြီး မိုးများသော မိုးရာသီတွင် ၅နှစ်တစ်ကြိမ်ခန့် ရေကြီးခြင်း၊ ရွှေ့ပြောင်းတောင်ယာ

စနစ် စိုက်ပျိုးခြင်း၊ မီးသွေးဖုတ်ခြင်းနှင့် သစ်ထုတ်လုပ်မှု များသောကြောင့် သစ်တောပြုန်း တီးမှုများခြင်းနှင့် နယ်မြေ အေးချမ်းမှု၊ ငြိမ်းချမ်းမှု တည်ဆောက်နိုင်မှုမရှိသေးခြင်းတို့ကြောင့် ပြည်တွင်းပဋိပက္ခတို့တွင် ထိခိုက်လွယ်မှုမြင့်သည်။

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မီးသွေးဖုတ်ခြင်းများကြောင့် သစ်တောများ ပြုန်းတီးလာမှုနှင့် နှစ်စဉ်ရေကြီးခြင်းကြောင့် မြေပြိုခြင်း၊ ရွှေ့ပြောင်းတောင်ယာ စနစ်စိုက်ပျိုးခြင်းနှင့် ပြောင်းဖူးကို နှစ်စဉ်စိုက်ပျိုးခြင်း၊ ဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းကြောင့်လည်း မြေဆီလွှာ ပျက်ယွင်းမှုများရှိသောကြောင့် ထိခိုက်လွယ်မှု လတ် ဖြစ်သည်။

ကျေးရွာအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများ ရှိလာသဖြင့် ကိုယ်ခံအားကျဆင်းမှုရောဂါမှာလည်း ထိခိုက်လွယ်မှု လတ် ဖြစ်သည်။

တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုတွင်လည်း နှစ်စဉ်ရာသီရောဂါများကျရောက်ခြင်းနှင့် ကျွမ်းကျင်သောတိမွေးကုဆင်းမရှိခြင်းတို့ကြောင့် နှစ်စဉ်ဆုံးရှုံးမှု များရှိသည်။ ထို့ကြောင့် ထိခိုက်လွယ်မှု လတ် ဖြစ်သည်။

စားနပ်ရိက္ခာမဖူလုံမှု၊ သဘာဝရင်းမြစ်ရှားပါးမှု (မြေ/စိုက်ပျိုးရေ)၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငှက်ဖျားရောဂါ ၊ တီဘီရောဂါနှင့် ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးစသည်တို့တွင် ထိခိုက်ဆုံးရှုံးမှု ကြီးကြီးမားမား မရှိသောကြောင့် ထိခိုက်လွယ်မှု နိမ့်သည်။

ကျန်ထိလိုက်လွယ်မှုများဖြစ်သော လျှော၊ မီးဘေး၊ ဆားငန်ရေဝင်မြေနှင့် လူကုန်ကူးခြင်းတို့ မရှိပါ။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | **လက်လုပ်လက်စားများ၊ ကျပန်းများ** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | **လူနည်းစုလူမျိုးများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | **ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၃ | **နယ်စပ်ဒေသတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | **ရွှေတွင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | **လှည့်လည်သွားလာ၍ ဈေးရောင်းသူများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၆ | **နေရပ်ပြန် အခြေချသူများ** | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၇ | **ရွှေ့ပြောင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | **ကားမောင်းပြီး အသက်မွေးသူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **စံကင်းကျေးရွာတွင်** ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများသည် ထိခိုက်သက် ရောက်နိုင်မှု မြင့်သည်။

လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစုဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင်ရသူများ ဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ ယဉ်တိုက်မှုအန္တရာယ် အချိန်မရွေး ကျရောက်နိုင်ခြင်း၊ လူကုန်ကူးခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှုများခြင်းကြောင့် ထိခိုက်သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စားများ၊ ကျပန်းများမှာလည်း ပုံမှန်အလုပ်အကိုင် မရှိခြင်းနှင့် လုပ်အားခနည်းသဖြင့် မိသားစု ဝင်ငွေနည်းသောကြောင့် အချိန်မရွေး ထိခိုက်သက်ရောက်မှု ဖြစ်နိုင်သောကြောင့် ထိခိုက်သက်ရောက် နိုင်မှု မြင့်သည်။

အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများသည် ရာသီအလိုက်သာအလုပ်ရကြခြင်း၊ လုပ်အားခ နည်းခြင်းတို့ကြောင့် ထိခိုက်မှုြလတ်ဖြစ်သည်။

မြစ်ကမ်းဘေးတွင်နေထိုင်သူများမှာ မြစ်ရေကြီးသောအချိန်တွင် မြေပြိုတတ်သောကြောင့် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများမှာ ဒေသအတွင်းမိုင်းထောင် မှု ရှိခြင်းနှင့် နေရပ်ပြန်အခြေချသူများ ၄င်းတို့မှာ ဆုံးရှုံးနစ်နာမှုများ ရှိသော ကြောင့် ထိခိုက်သက်ရောက်နိုင်မှု လတ်ဖြစ်သည်။

ပြည်တွင်းနေရပ်စွန့်ခွာပြောင်းရွှေ့နေရသူများ၊ နယ်စပ်ဒေသတွင်နေထိုင်သူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများ မှာထိခိုက်လွယ်မှုနိမ့်အခြေအနေတွင်ရှိသည်။ ကျန်အုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု မရှိကြပါ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

## (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်၏နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အပျိုလူပျို | ၁☐ ၂☒ ၃☐ | ၂၅ | ၁၅ | ၄၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ပေါ်ခိန်၊ မော်ခိန် | ၁☐ ၂☒ ၃☐ | ၈၀ | ၈၀ | ၁၆၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ပြည်သူ့စစ် | ၁☐ ၂☐ ၃☐ | ၁၀ | | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ကျောင်းေ ော်မတီ | ၁☐ ၂☒ ၃☐ | ၃ | ၅ | ၈ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒သ င့် ☐<br>ညံ့ ☐ |
| ၅ | ကျောင်းအ ကျိုးတော်ေ ောင် | ၁☐ ၂☒ ၃☐ | ၃ | ၅ | ၈ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင် ရည်နိုင်မှု (မှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၆ | မီးသတ် | ၁☐ ၂☒ ၃☐ | ၅ | | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☒ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၇ | မိခင်က လေး | ၁☐ ၂☒ ၃☐ | | ၈ | ၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☒ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၈ | အမျိုးသမီး ရေးရာ | ၁☐ ၂☒ ၃☐ | | ၈ | ၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၉ | AIDSတိုက်ဖ ျက်ရေးအ ဖွဲ့ | ၁☐ ၂☒ ၃☐ | ၂၇ | ၁၃ | ၅၀ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☒ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☒<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ စံကင်းကျေးရွာတွင်း အဖွဲ့ပေါင်း (၉) ဖွဲ့ရှိပြီး လူမှုရေးသီးသန့်ကို အခြေခံသောအဖွဲ့ ၁ ဖွဲ့၊ လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၂ ဖွဲ့၊ လူမှုရေးနှင့် ကျန်းမာရေး ကို အခြေခံသော အဖွဲ့ ၂ ဖွဲ့ ၊လုံခြုံရေးနှင့် ကာကွယ်ရေးကိုအခြေခံသော အဖွဲ့ ၂ဖွဲ့ ၊ပညာရေးကိုအခြေခံသော

အဖွဲ့ ၂ ဖွဲ့ရှိသည်။ ၎င်းအဖွဲ့များကို သုံးသပ်ရာတွင် အဖွဲ့များသည်တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝ ရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန်ယုံကြည်မှုရှိသည်။ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်း ဆောင်ရွက်မှု အားကောင်းကာ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြ သည်။

### (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | UNDP | ၁☐ ၂☐ ၃☐ ၄☒ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☒ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

